# စစ်ကိုင်းတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၂၆ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂ ။ )**

**၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း ၁၅ ရက်**

**(၂၀၂၆ ခုနှစ် ၊ ဩဂုတ်လ ၂၈ ရက်)**

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ**ကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ည) **ကုန်တင်ကုန်ချလုပ်ငန်း** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စက်လှေဆိပ်၊ သင်္ဘောဆိပ်၊ ရေယာဉ်ဂိတ်၊ လေဆိပ်၊ မီးရထားဘူတာရုံ၊ ကုန်တင်ယာဉ်ရပ်နားကွင်း၊ အဝေးပြေးကားဂိတ်၊ ဈေးဆိုင်၊ ဈေးကြီးများနှင့် ကုန်ပစ္စည်းသိုလှောင်ရုံ (ဂိုဒေါင်) စသည့် နေရာများတွင် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ကုန်တင်ကုန်ချ အလုပ်သမားများ၏ကာယအားကို အသုံးပြု၍ဖြစ်စေ၊ စက်ရုံ၊အလုပ်ရုံများရှိ စက်ကိရိယာများနှင့် ယန္တရားပစ္စည်းများကို အသုံးပြု၍ဖြစ်စေ ကုန်ပစ္စည်းများကို အခကြေးငွေရယူ၍ အတင်၊ အချ၊ အရွှေ့၊ အပြောင်း ပြုလုပ်ပေးရသော ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်၊"

၃။ စစ်ကိုင်းတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ ပုဒ်မ ၁၀ တွင် -

(က) ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က) ၌ ပါရှိသော **ဘူတာရုံ** ဆိုသည့် စကားရပ်၏နောက်တွင် **ရေယာဉ်ဂိတ်** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဂ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ) ၌ ပါရှိသော အစိုးရဌာနမဟုတ်သော အဖွဲ့အစည်းများတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်နေသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပစ္စည်းသယ်ဆောင်သည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်နေသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဈေးဆိုင်များတွင်လည်းကောင်း၊ ရေယာဉ်ဂိတ်များတွင်လည်းကောင်း ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်နေသူများ၊"

၄။ စစ်ကိုင်းတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂၉။ ဤအမှုကို တရားစွဲဆိုရာတွင် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၅။ စစ်ကိုင်းတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ ပုဒ်မ ၂၉ ၏နောက်တွင် ပုဒ်မ ၃၀ နှင့် ပုဒ်မ ၃၁ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၃၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၁။ ဤဥပဒေပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေအရသာ အရေးယူရမည်။

၆။ စစ်ကိုင်းတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ ပုဒ်မ ၃၁ ၏ နောက်တွင် မူလပုဒ်မ ၃၀၊ ပုဒ်မ ၃၁ ၊ ပုဒ်မ ၃၂ တို့ကို ပုဒ်မ ၃၂၊ ပုဒ်မ ၃၃၊ ပုဒ်မ ၃၄ အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ကိုလေး

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့